# သဘာဝစီမံကိန်း လှုပ်ရှားမှုများ

## ၀၄-၀၅.၀၇.၂၀၁၉




သဘာဝ စီမံကိန်းအနေဖြင့် SMART Myanmar၊ Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့နှင့် အတူပူးပေါင်း၍ စားသောက်ကုန်နှင့် အဖျော်ယမကာကဏ္ဍ၊ အဝတ်အထည်နှင့်အထည်အလိပ်စက်မှုကဏ္ဍများ အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်ပတ်သတ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် စက်မှုထုတ်လုပ်ရေး ကဏ္ဍများအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့် စနစ်၊ ကနဦး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှုများနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ အပေါ် အရည်အသွေးနှင့် တစ်ပြေးညီရှိစေနိုင်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ ခြင်းဖြစ်သည်။

## ဇူလိုင်လမှ ဒီဇင်ဘာလအထိ



သဘာဝ စီမံကိန်းအနေဖြင့် စွမ်းအင် ထိရောက်စွာ အသုံးချမှုဆိုင်ရာ သင်တန်းများကို ပို့ချသင်ကြားပေးနိုင်ခဲ့သည်။ စွမ်းအင်ထိရောက်စွာ အသုံးပြုနိုင်မှုဆိုင်ရာ အခြေခံအကြောင်းအရာများ၊ စက်ရုံများတွင် စွမ်းအင်ထိရောက်စွာ အသုံးပြုနိုင်မှုဆိုင်ရာ ကွင်းဆင်းစစ်ဆေး အကဲဖြတ်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုမည့် တိုင်းတာရေး ကိရိယာများနှင့် အချက်အလက် ဖြည့်သွင်းရမည့် ပုံစံ(template) များ အသုံးပြုပုံနှင့် စွမ်းအင်သုံးစွဲမှု လျှော့ချနိုင်မည့်ပမာဏ တွက်ချက်ခြင်း အစရှိသည်တို့ကို သင်ရိုးညွှန်းတမ်းထဲတွင် ထည့်သွင်း သင်ကြားပေးခဲ့သည်။ မြန်မာနိုင်ငံသားပညာရှင် ၁၀ဦး စွမ်းအင်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။ အဆိုပါ အကြံပေး ပညာရှင်များ အနေဖြင့် စားသောက်ကုန်နှင့် အဖျော်ယမကာ ကုမ္ပဏီများကို စွမ်းအင်သုံးစွဲမှုနှင့် ကုန်ကျစရိတ်လျှော့ချနိုင်စေရန် အကြံပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

## ၂၃.၀၈.၂၀၁၉



စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စား စီးပွားလုပ်ငန်းများ ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် သဘာဝ စီမံကိန်းတို့ ပူးပေါင်း၍ အသေးစားနှင့် အလတ်စား စီးပွားလုပ်ငန်းများ အတွက် အစိမ်းရောင် ဘဏ္ဍာရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့ SME center ၌ကျင်းပခဲ့သည်။ စီးပွားရေး လုပ်ငန်းများအကြား အစိမ်းရောင် ဘဏ္ဍာရေးအကြောင်း အသိပညာမြှင့်တင်ရေးနှင့် စီမံကိန်းအနေဖြင့် အဆိုပါ ငွေကြေးဝန်ဆောင်မှုများရရှိစေရန် မည်ကဲ့သို့ ပံ့ပိုးပေးနေကြောင်းကို ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်။

သန့်စင်ကုန်ထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်များအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ထိရောက်သော ပံ့ပိုးမှုနှင့် ဝန်ဆောင်မှုများပေးနိုင်စေရန် သဘာဝစီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ဂျာမနီနိုင်ငံမှ Saving Banks Foundation for International Cooperation (SBFIC)အနေဖြင့် နိုင်ငံတွင်းရှိ မိတ်ဖက်ဘဏ်များကို ဆိုလာစွမ်းအင်၊ gasi erနှင့် ရေဆိုးသန့်စင်မှုဆိုင်ရာ ကုမ္ပဏီများနှင့် နားလည်မှုဆိုင်ရာ စာချွန်လွှာများရေးထိုးနိုင်စေရန် ၂၀၁၉ခုနှစ် စက်တင်ဘာအထိ ပံ့ပိုးပေးနိုင်ခဲ့ပြီးဖြစ်သည်။

## ၂၉.၁၀.၂၀၁၉



သဘာဝစီမံကိန်း၏ ပံ့ပိုးမှုဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အနေဖြင့် စားသောက်ကုန်နှင့် အဖျော်ယမကာကဏ္ဍအတွက် လုပ်ဆောင်ရေးအဖွဲ့ ကော်မတီ၏ ပထမဦးဆုံးအကြိမ် အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ညီညွတ်သော အလေ့အကျင့်များကို စားသောက်ကုန်နှင့် အဖျော်ယမကာ ကဏ္ဍအတွင်း ပံပိုးပေးနိုင်ရန်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်၍ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်နှင့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ အစည်းအဝေးကို ကျင်းပခဲ့ ခြင်းဖြစ်သည်။


switchasia GRANTS PROGRAMME

Funded by the European Union

ဤစီမံကိန်းသတင်းလွှာကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။
ဤသတင်းလွှာတွင် ပါဝင်သော အကြောင်းအရာများသည် WWF တစ်ဦးတည်း၏
ကိစ္စရပ်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ ရှုမြင်လက်ခံမှုကို ထင်ဟပ်သည်ဟု မယူဆနိုင်ပါ။

သဘာဝ A sustainable future for industry




## အောင်မြင်မှုမှတ်တိုင်

## ငွေစင်ပုလဲ နို့နှင့်နို့ထွက် ပစ္စည်းလုပ်ငန်း

မြန်မာနိုင်ငံအတွက် ကျန်းမာသောမြစ်များသည် အရေးပါလှပါသည်။ ငါးများကို ထောက်ပံ့ပေးပြီး မြေလွှာတွေ စိုက်ပျိုးဖြစ်ထွန်းစေရန် မြစ်များက ပံ့ပိုးပေးနေသည်။ ၃၄သန်းသော လူဦးရေက ဧရာဝတီမြစ်ဝှမ်းဒေသ အပေါ် မှီခိုနေသည်။ အဆိုပါ ပမာဏသည် နိုင်ငံတွင်းရှိ လူ၃ဦးလျှင် နှစ်ဦးမှ ထိုမြစ်ဝှမ်းဒေသ အပေါ်မှီခိုနေခြင်းကို ဆိုလိုသည်။

စနစ်တကျ သေချာစွာ စည်းကြပ်နိုင်မှုမရှိခြင်းနှင့် လုံလောက်ထိရောက်သော အခြေခံအဆောက်အအုံများ မရှိခြင်းတို့ကြောင့် တန်နှင့်ချီသော စက်မှုကုန်ထုတ် လုပ်ငန်းဆိုင်ရာ ရေဆိုးများသည် မြန်မာ့ မြစ်များထဲသို့ နေ့စဉ် ဝင်ရောက်ခြင်းကို ကြုံတွေ့နေရသည်။။။ စားသောက်ကုန်နှင့် အဖျော်ယမကာ ကဏ္ဍသည် မြန်မာနိုင်ငံ၏ အကြီးဆုံးသော စက်မှုလုပ်ငန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အဆိုပါရေဆိုးများ မြစ်ထဲသို့ စွန့်ပစ်မှု ကိစ္စရပ်တွင် အထင်အရှား ပါဝင် နေကြောင်းတွေ့ရသည်။

သို့ဖြစ်၍ သဘာဝစီမံကိန်းအနေဖြင့် ဤကိစ္စရပ်ကို ဖြေရှင်းရာတွင် ကူညီရန် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂ၏ SWITCH-Asiaအစီအစဉ်မှ ရန်ပုံငွေပံ့ပိုးမှုဖြင့်  သဘာဝစီမံကိန်းသည် သန့်စင်ကုန်ထုတ်လုပ်မှု အလေ့အကျင့် အကောင်အထည်ဖော်နိုင်စေရန် စားသောက်ကုန်နှင့် အဖျော်ယမကာ စက်မှုကဏ္ဍအတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကိုကူညီ ပံ့ပိုးပေးနေသည်။ စီမံကိန်း၏ အဓိကအစိတ်အပိုင်းတစ်ခုမှာ အဆိုပါ စီးပွားရေးလုပ်ငန်းများကို ရေဆိုးသန့်စင်စနစ်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ကူညီပေးခြင်းဖြစ်သည်။ သဘာဝစီမံကိန်း၏ နည်းပညာ အကူအညီဖြင့် ငွေစင်ပုလဲ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းသည် ၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် ရေဆိုးသန့်စင်စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခုလက်ရှိတွင် ရေဆိုးသန့်စင်စက်ရုံကို ၎င်းတို့၏ပင်မ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံအတွက် အသုံးပြုဆောင်ရွက်နေပြီးဖြစ်သည်။

**CLICK TO READ FULL STORY**

switchasia GRANTS PROGRAMME

Funded by the European Union

ဤစီမံကိန်းသတင်းလွှာကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။
ဤသတင်းလွှာတွင် ပါဝင်သော အကြောင်းအရာများသည် WWF တစ်ဦးတည်း၏
ကိစ္စရပ်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ ရှုမြင်လက်ခံမှုကို ထင်ဟပ်သည်ဟု မယူဆနိုင်ပါ။

သဘာဝ A sustainable future for industry